# ဇူလိုင်လကိုကျော်၍ သုံးသပ်ချက်

---------------------------------------------

# Beyond the Month of July - Report

ဤသုံးသပ်ချက်သည် ဇူလိုင်လနှင့် ဩဂုတ်လ ပထမပတ်အတွက် သုံးသပ်ချက်ဖြစ်ပါသည်။ ဇူလိုင်လကုန် အတွက်သုံးသပ်ချက်ကို ယခုမှထုတ်ဝေခြင်း ဖြစ်ပါသည်။

## မင်းအောင်လှိုင်နှင့် စစ်ကောင်စီ၏နိဂုံးအစ ဇူလိုင်လ

ဇူလိုင်လသည် မြန်မာ့နိုင်ငံရေးသမိုင်းတွင် အဆုံးအဖြတ်ပေးမည့် လတစ်လဖြစ်သည်။ ဇူလိုင်လထဲတွင် စစ်ကောင်စီခေါင်းဆောင်သည် မိမိကိုယ်မိမိ ယာယီသမ္မတရာထူးပေးအပ်ပြီး၊ အရေးပေါ်ကာလကို ခြောက်လသက်တမ်းတိုးခဲ့သည်။ စစ်ကောင်စီခေါင်းဆောင်၏ မိမိကိုယ်မိမိ ယာယီသမ္မတ ခန့်အပ်ခြင်းသည် " သမ္မတနေရာရှူးသောကြောင့် အာဏာသိမ်းခြင်း" ဖြစ်သည်ဟု လူအများ၏ တွေးတောချက်ကို ခိုင်မာစေခဲ့သည်။ မင်းအောင်လှိုင်၏ မိမိကိုယ်မိမိ သမ္မတနေရာပေးအပ်မှုသည် ပြည်သူလူထုကြားထဲမှာထက် ရှုံးနိမ့်မှုများစွာကိုနေ့စဉ်ရင်ဆိုင်နေရပြီး၊ နေ့စဉ်တပ်သားများစွာသေဆုံးနေသည့် စစ်ကောင်စီနှင့် စစ်တပ်အဝန်းအဝိုင်းထဲတွင် ပိုမိုဂယက်ရိုက်ခတ်ခဲ့ပြီး သူ့အားရွံရှာမုန်းတီးမှု ပိုမိုမြင့်တက်စေခဲ့သည်။
ထိုကဲ့သို့ မင်းအောင်လှိုင်မှ မိမိကိုယ်မိမိ ယာယီသမ္မတအဖြစ်ခန့်အပ်ပြီးမကြာခင် အရှေ့မြောက်တိုင်း စစ်ဌာနချုပ်နှင့် လားရှိုးမြို့ကို MNDAA မှ သိမ်းပိုက်လိုက်သဖြင့် စစ်တပ်၏အာဏာသိမ်းမှုကို ထောက်ခံသူများအကြား မင်းအောင်လှိုင်အပေါ်တွင် မကျေမနပ်မှုများ ဝေဖန်မှုများပိုမိုများပြားလာခဲ့သည်။ စစ်တပ်ထောက်ခံသူများအသုံးပြုကြသော ဆိုရှယ်မီဒီယာများ၊ တယ်လီဂရမ်ချန်နယ်များအပေါ်တွင် မင်းအောင်လှိုင်၏ အာဏာရူးမှု၊ ညံ့ဖျင်းမှုတို့ကို ပြင်းပြင်းထန်ထန်ဝေဖန်ရေးသားလာကြသည်။ စစ်တပ်ထောက်ခံသူ အမျိုးသားရေးအစွန်းရောက် '' ဝီရသူ '' မှ စစ်တိုင်းမှူးများအားလုံး အလံဖြူထောင်လိုက်ပါဟု မင်းအောင်လှိုင်ကို လှောင်ပြောင်ပြောဆိုသည်ကို တွေ့ရသည်။

တောက်လျှောက်ရှုံးနိမ့်မှုများကို ရင်ဆိုင်ရပြီး တတိယအင်အားအကြီးဆုံးဖြစ်သည့် အရှေ့မြောက်တိုင်း စစ်ဌာနချုပ်ကိုပါ ဆုံးရှုံးလက်လွတ်နေရချိန်တွင် မင်းအောင်လှိုင်မှ မိမိကိုယ်မိမိ ယာယီသမ္မတခန့်အပ်ခြင်း သည် စစ်ကောင်စီနှင့် စစ်ကောင်စီကိုထောက်ခံသူများကြား ဝေဖန်စရာဖြစ်ခဲ့သည်။ ထိုအဖြစ်အပျက် သည် မင်းအောင်လှိုင်အားလုပ်ကြံမှု၊ ထပ်ဆင့်အာဏာသိမ်းမှု၊ တပ်တွင်းပိုမိုပြိုကွဲမှု၊ စစ်တပ်အရာရှိများ၏ တပ်စွန့်ခွာမှုများ ပိုမိုဖြစ်ပေါ်လာစေမည်ဟု ခန့်မှန်းရသည်။

## မရှင်းလင်းသော တရုတ်၏ပါဝင်မှုအပေါ် သုံးသပ်ချက်

ဇူလိုင်လတွင် (အထူးသဖြင့် ၁၀၂၇ စစ်ဆင်ရေးဒုတိယလှိုင်းတွင်) တရုတ်၏ပါဝင်မှုမှာ ရှုတ်ထွေးပါသည်။ မြန်မာနိုင်ငံအရေးတွင် တရုတ်ကပိုမိုပါဝင်စွတ်ဖက်လာပါသည်။ သို့သော် စစ်ကောင်စီဖက်မှ၊ သို့မဟုတ် ညီနောင်သုံးဖော်ဖက်မှဟူ၍ မသိသာ၊ မထင်ရှားနေပါ၊ တရုတ်အကျိုးစီးပွားအဓိကထားသောပါဝင်မှု ဖြစ်သည်ဆိုလျှင် ပိုမှန်ပါသည်။

၂၀၂၄ ခုနှစ်၊ ဇွန်လထဲတွင် တရုတ်နိုင်ငံမှ သမ္မတဟောင်းသိန်းစိန်ကို ဖိတ်ကြားခဲ့ခြင်းနှင့် ဇူလိုင်လဆန်း ထဲတွင် စစ်ကောင်စီဒုတိယဥက္ကဋ္ဌ စိုးဝင်းတို့ကို ဖိတ်ကြားခြင်းများဖြစ်ပွားခဲ့ပြီး တရုတ်နိုင်ငံမှ မင်းအောင် လှိုင်ကို ရာထူးမှထွက်သွားစေချင်သည့် သဘောထားများရှိသည်ဆိုသော သတင်းများထွက်ပေါ်ခဲ့သည်။ တရုတ်နိုင်ငံမှ မင်းအောင်လှိုင်ကို ရာထူးမှဆင်းပေးစေလိုသည့်သတင်းမှာ အပြည့်အဝအတည်ပြု၍ မရ သော်လည်း ဟိုင်ဂင်သဘောတူညီချက်ကို စစ်ကောင်စီမှ ချိုးဖောက်သောကြောင့် တိုက်ပွဲများပြန်လည် ဖြစ်ပွားရသည့်အတွက် တရုတ်မှစစ်ကောင်စီကို အမြင်မကြည်သည့်သဘောကို တွေ့ရပါသည်။
ထို့အတူ ရှမ်းမြောက်တွင် တိုက်ပွဲများတကြော့ပြန်၊ ပြန်လည်းဖြစ်ပွားခဲ့သည့် အခြေအနေကို တရုတ်မှ နှစ်ချိုက်ဟန်မတူချေ။ ၂၀၂၄ ဇူလိုင်လ ၃ ရက်နေ့တွင် MNDAA မှ လားရှိုးကို စတင်ထိုးစစ်ဆင်နေချိန်တွင် တရုတ်မှ MNDAA ကို တိုက်ပွဲများရပ်တန့်ရန် ဖိအားပေးခဲ့ပါသည်။

ထိုသို့ဖိအားပေးမှုကြောင့် တိုက်ပွဲစတင်ပြီး ၁၀ ရက်အကြာ ဇူလိုင်လ ၁၄ ရက်နေ့တွင် တရုတ်ကွန်မြူနစ် ပါတီ ဗဟိုကော်မတီအစည်းအဝေးကျင်းပနေသည့်အတွက် ထိုးစစ်များကို ဇူလိုင်လ ၁၄ ရက်မှ ၁၈ ရက် အထိ ရပ်ဆိုင်းသည်ဟု MNDAA မှ ကြေညာခဲ့ရသည်။ ဇူလိုင်လ ၁၉ ရက်နေ့တွင် MNDAA မှ ထိုးစစ် ပြန်လည်စတင်ခဲ့ပြီး ထို့နေ့တွင်ပင် MNDAA မှ ဇူလိုင်လ ၁၉ ရက်နေ့မှ ဇူလိုင်လ ၃၁ ရက်နေ့အထိ တရုတ်နိုင်ငံ၏တောင်းဆိုချက်ကြောင့် တစ်ဖက်သက်အပစ်အခတ်ရပ်စဲသည်ဟုကြေညာခဲ့ရသည်။ ၁၀၂၇

စစ်ဆင်ရေးအပိုင်း ၂ ဖြစ်ပွားသည်မှာ စစ်ကောင်စီတပ်များ၏ ဟိုင်ဂင်သဘောတူညီချက်များအား ချိုးဖောက်ပြီး စစ်အင်အားတိုးချဲ့မှုနှင့် နယ်မြေကျူးကျော်မှုများကြောင့် ပြန်လည်ဖြစ်ပွားခဲ့ရခြင်း ဖြစ်သဖြင့် ရန်လိုနေသောစစ်ကောင်စီတပ်များကို တဖက်သက်အပစ်အခတ်ရပ်စဲသည်မှာ လက်တွေ့ကျသောကိစ္စမဟုတ်ပေ။ ထို့ကြောင့် တိုက်ပွဲများဆက်လက်ဖြစ်ပွားခဲ့ပြီး ဇူလိုင်လကုန်တွင် MNDAA မှ လားရှိုးကို သိမ်းပိုက်ခဲ့သည်။

တရုတ်သည် လားရှိုးတွင် တိုက်ပွဲများပြန်လည်ဖြစ်ပွားပြီးမကြာမီ ဇူလိုင်လ ၉ ရက်နေ့တွင် ညီနောင်မဟာမိတ်များ ထိန်းချုပ်ရာဒေသရှိ နယ်စပ်ကုန်သွယ်ရေးဂိတ်များကို တရုတ်ဖက်မှ ပိတ်လိုက်သည်။ တရုတ်ဖက်မှ ကုန်သွယ်ရေးကိုပိတ်လိုက်ခြင်းသည် တရုတ်နယ်စပ်တွင် အခြေချလှုပ်ရှားကြသည့် ညီနောင်မဟာမိတ်များကို ဖိအားပေးခြင်းဖြစ်သည်။ သို့သော် ညီနောင်မဟာမိတ်တပ်များက ကြိုတင်ပြင်ဆင်မှုများကောင်းသဖြင့် တိုက်ပွဲရလဒ်များကို မည်သို့မျှမထိခိုက်ချေ။ ထို့အတူ တရုတ်သည် ကိုးကန့်ဒေသမြို့တော်ဖြစ်သည့် လောက်ကိုင်ကို ဖုန်းလိုင်းများ၊ လျှပ်စစ်မီးများ ဖြတ်တောက်လိုက်သည်။ ညီနောင်မဟာမိတ်များ ထိန်းချုပ်ရာဒေသရှိ နယ်စပ်ဂိတ်များကို တရုတ်မှပိတ်လိုက်သော်လည်း ရှမ်းမြောက်ဒေသတွင် စစ်ကောင်စီမှ ထိန်းချုပ်ထားသောတစ်ခုတည်းသော နယ်စယ်ဂိတ်ဖြစ်သည့် မူဆယ်ဂိတ်ကို ပိတ်ပြစ်ခြင်းမရှိပေ။

ဇူလိုင်လဒုတိယပတ်အတွင်း ညီနောင်မဟာမိတ်ခေါင်းဆောင်များကို တရုတ်နိုင်ငံမှခေါ်ယူတွေ့ဆုံခဲ့ပြီး တိုက်ပွဲများအတွင်း ပြည်သူ့ကာကွယ်ရေးတပ်မတော် (PDF) များပါဝင်နေမှုကို ထောက်ပြပြောဆိုခဲ့ကြောင်း Myanmar Now ၏ သတင်းပေးပို့ချက်အရ သိရသည်။ NUG နှင့် PDF များသည် အမေရိကန်ဩဇာခံများဖြစ်သဖြင့် ညီနောင်မဟာမိတ်တပ်ဖွဲ့များအနေနှင့် ပူပေါင်းဆောင်ရွက်ခြင်းမပြုရန် ညီနောင်မဟာမိတ်များကို တရုတ်နိုင်ငံက ဖိအားပေးခဲ့သည်။

ဇူလိုင်လကုန်တွင် MNDAA မှ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်ကို သိမ်းပိုက်ပြီးနောက် အာဏာသိမ်း ခေါင်းဆောင်မင်းအောင်လှိုင်မှ မိန့်ခွန်းထွက်ပြောပါသည်။ အဆိုပါမိန့်ခွန်းထဲတွင် ( နိုင်ငံအမည်ကို မတပ်သော်လည်း) ညီနောင်မဟာမိတ်များကို တရုတ်နိုင်ငံက ကူညီနေသည့်ပုံစံ စွတ်စွဲပြောဆိုသွားပါသည်။ တရုတ်က ကူညီနေသောကြောင့် စစ်ဌာနချုပ်ကျရှုံးရသည့်ပုံစံ ပြောသွားခြင်းဖြစ်ပါသည်။ ထို့အတူ စစ်ကောင်စီ၏ ဝါဒဖြန့်တယ်လီဂရမ်ချန်နယ်များတွင်လည်း ပြည်ပကျူးကျော်စစ်၊ တရုတ်၏ကျူးကျော်စစ်ဟု ဝါဒဖြန့်ကြသလို စစ်ကောင်စီမှစီစဉ်သည့် MNDAA မှ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်ကို သိမ်းခြင်းအား ဆန္ဒပြပွဲတွင် တရုတ်နိုင်မှကျူးကျော်ခြင်းဖြစ်ကြောင်း ပြောဆိုဟစ်ကြွေးကြပါသည်။

ဩဂုတ်လ ၈ ရက်နေ့တွင် တရုတ်အထူးအကြံပေး တိမ့်ရှိကျွမ်း နေပြည်တော်သို့ လာရောက်ပြီး စစ်ခေါင်းဆောင်မင်းအောင်လှိုင်နှင့် တွေ့ဆုံခဲ့ပါသည်။ နယ်စပ်ဒေသလုံခြုံရေးနှင့် စစ်ကောင်စီကျင်းပမည့် ရွေးကောက်ပွဲအကြောင်းများ ဆွေးနွေးခဲ့သည်ဟု စစ်ကောင်စီ၏ ဝါဒဖြန့်မီဒီယာများမှ ထုတ်ပြန်ထားသည်။ ဟိုင်ဂင်ဆွေးနွေးပွဲကို ဇူလိုင်လကုန်တွင် ပြန်လည်ကျင်းပရန် စီစဉ်ထားသော်လည်း စစ်ကောင်စီဖက်မှ မတက်ရောက်ပေ။

ဇူလိုင်လနှင့် ဩဂုတ်လပထမပတ်အတွင်း တရုတ်၏ လုပ်ဆောင်ချက်များကိုကြည့်လျှင် တရုတ်၏ ရပ်တည်ချက်ကို ရှင်းရှင်းလင်းလင်းမတွေ့ရပေ။ တရုတ်သည် စစ်ကောင်စီဖက်မှ ရပ်တည်ထားသည်သို့မဟုတ် ညီနောင်မဟာမိတ်များဖက်မှ ရပ်တည်သည်ဟု ယတိပြတ်သုံးသပ်ပြော၍မရပေ။ စစ်ကောင်စီ၏ တရုတ်အပေါ်စွတ်စွဲချက်များအရ ၁၀၂၇ စစ်ဆင်ရေးတွင်တရုတ်ဖက်မှ တစ်နည်းနည်းနှင့် ပါဝင်မှုရှိနေသည်ဟု တွက်ဆနိုင်သလို International Crisis Group ( ICG ) ၏ ၂၀၂၄ ခုနှစ်မတ်လ အစီရင်ခံစာဖော်ပြချက်အရ ၁၀၂၇ စစ်ဆင်ရေးတွင် တရုတ်ပက်သက်မှုရှိသည်ဟု ယူဆနိုင်သည်။ တဖက်တွင်လည်း ကိုးကန့်ဒေသ၊ လောက်ကိုင်ကိုတရုတ်ဖက်မှ ဖုန်းလိုင်းများ၊ လျှပ်စီးမီးလိုင်းများဖြတ်လိုက်ခြင်းနှင့် ညီနောင်မဟာမိတ်များ ထိန်းချုပ်ထားသော နယ်စပ်ကုန်သွယ်ရေးဂိတ်များကို တရုတ်မှ တဖက်သက်ပိတ်လိုက်သည်ကို ကြည့်ခြင်းအားဖြင့် တရုတ်သည် ညီနောင်မဟာမိတ်များဖက်မှ အပြည့်အဝရှိသည်ဟု ပြော၍မရပေ။ သေချာသည်မှာ တရုတ်နိုင်ငံသည် နှစ်ဖက်စလုံးကို ဖိအားပေးနေခြင်းဖြစ်သည်။ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံအရေးကိစ္စတွင်အမေရိကန်နှင့် ဥရောပနိုင်ငံများပါဝင်လာမည်ကို မလိုလားသကဲ့သို့ မြန်မာနိုင်ငံအနာဂါတ်အတွက် တရုတ်သာလျှင် ကြားဝင်ဆောင်ရွက်ခွင့်ရှိသည်ဟု ယုံကြည်ထားသည်။ ကြားသိရှိရသော သတင်းများအားလုံးအရ တရုတ်၏ ကြားဝင်စေ့စပ်ရေးလမ်းကြောင်းမှာ စစ်တပ်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့ တွေ့ဆုံဆွေးနွေးပြီး ကြားဖြတ်အစိုးရဖွဲ့ကာ ရွေးကောက်ပွဲကျင်းပပြီး အာဏာပြန်လွှဲရန်ဖြစ်သည်ဟု ယူဆရသည်။

တရုတ်သည် အာဏာသိမ်းပြီးကတည်းက ဒေါ်အောင်ဆန်းစုကြည်နှင့်တွေ့ဆုံဆွေးနွေးရန် စစ်ကောင်စီကို တိုက်တွန်းနေခဲ့သည်။ ထို့အတူ ဒေါ်အောင်ဆန်းစုကြည်နှင့်တွေ့ဆုံရရန် တရုတ်ဖက်မှ အစဉ်တစိုက်ကြိုးစားခဲ့သော်လည်း စစ်ကောင်စီမှ တွေ့ခွင့်မပေးခဲ့ပေ။ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏ ပဋိပက္ခများကိုအဖြေရှာဖြေရှင်းရန် ကြိုးပမ်းခဲ့သည်က အမှန်ဖြစ်သည်။ သို့သော်အာဏာသိမ်းခေါင်းဆောင်မင်းအောင်လှိုင်၏ အမျော်အမြင်နည်းမှု၊ ခေါင်းမာမှုတို့ကြောင့် ရှေ့မရောက်ခဲ့ပေ။ ထို့ပြင် ဟိုင်ဂင် သဘော

တူညီချက်ကိုလည်း စစ်ကောင်စီဖက်မှ စတင်ချိုးဖောက်ခဲ့သည်။ တိုက်ပွဲတိုင်းလည်း ရှုံးခဲ့သည်။ ထို့ကြောင့် မင်းအောင်လှိုင်၏ခေါင်းဆောင်မှုကို တရုတ်ဖက်မှ လုံးဝသဘောကျပုံမပေါ်ပေ။

တရုတ်၏ စေ့စပ်ဆွေးနွေးရေးလမ်းကြောင်းသည် ဒေါ်အောင်ဆန်းစုကြည်နှင့် စစ်တပ်အပေါ် အခြေပြုထားပြီး ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေဘောင်အတွင်းမှ ဖြစ်နေသည်။ လက်ရှိနွေဦးတော်လှန်ရေး၏ ဦးဆောင်အဖွဲ့အစည်းများဖြစ်သည့် NUG၊ CRPH နှင့် NUCC တို့ကို တရုတ်ဖက်မှ ထည့်သွင်းစဉ်းစားခြင်း မပြုထားပေ။ တရုတ်သည် တိုင်းရင်းသားနက်ကိုင်အဖွဲ့များနှင့် သီးခြားဆက်ဆံရေး ပြုလုပ်သကဲ့သို့ စစ်ကောင်စီနှင့် တိုင်းရင်းသားတော်လှန်ရေးအဖွဲ့များကြား သီးခြားဆွေးနွေးပွဲများကို ညှိနှိုင်းခဲ့သည်။ ထို့အပြင် တရုတ်သည် NUG ကိုအမေရိကန်လက်အောက်ခံဟု စွတ်စွဲကာ တိုင်းရင်းသားတော်လှန်ရေး အဖွဲ့များကို NUG နှင့်မပက်သက်ရန် ဖိအားပေးခဲ့သည်။ အထက်ပါအချက်များအားလုံးကို ကြည့်ခြင်းဖြင့် တရုတ်၏ကြားဝင်စေ့စပ်မှု အကြံအစည်များ လက်တွေ့မကျသည်ကို ဖော်ပြနေပါသည်။ ထိုကြောင့် အောင်မြင်မည် မဟုတ်ပေ။ တရုတ်သည်သူ၏ Belt and Road Initiative အပါအဝင် မြန်မာနိုင်ငံ အတွင်းရှိ သူ့၏အကျိုးစီးပွားများအတွက် လွန်စွာပူပန်လျှက်ရှိပြီး မြန်မာနိုင်ငံရေး ပဋိပက္ခများ အမြန်ဆုံး အဆုံးသတ်စေရန် လိုလားလျှက်ရှိသည်။ ထိုကြောင့် သူလိုလားသည့် စေ့စပ်ဆွေးနွေးရေး အခြေအနေများ အားလုံးမဖြစ်လာသည့်အခါ စစ်ကောင်စီကျင်းပပေးမည်ဟုဆိုသော ရွေးကောက်ပွဲကျင်းပရေးကိုသာ ဦးစားပေးကူညီရန် ဆုံးဖြတ်လိုက်ပုံရသည်။ တစ်ချိန်တည်းမှာပင် ဒေါ်အောင်ဆန်းစုကြည်နှင့် စစ်တပ် တွေ့ဆုံဆွေးနွေးရေး လမ်းကြောင်းကိုလည်း မစွန့်လွှတ်သေးပေ။ ထိုကြောင့် ဩဂုတ်လ ၈ ရက်တွင် တရုတ်အထူးအကြံပေး တိန့်ရှိကျွမ်းလာရောက်သည့်ကိစ္စမှာ ရွေးကောက်ပွဲနှင့် နယ်စပ်ဒေသ တည်ငြိမ်ရေးတို့ထက် ပိုမိုသောအကြောင်းအရာများဆွေးနွေးခဲ့ကြသည်ဟု ယူဆရသည်။

## စစ်ကောင်စီ၏ ဇူလိုင်လအတွင်းရှုံးနိမ့်မှုများ

ဇူလိုင်လအတွင်း စစ်ကောင်စီသည် မြန်မာနိုင်ငံအနှံ့ တိုက်ပွဲတိုင်းတွင် ရှုံးနိမ့်ခဲ့သည်။ ဇွန်လိုင်လတစ်လ အတွင်း တိုက်ပွဲကြီးငယ်ပေါင်း ၃၅၅ ကြိမ်ဖြစ်ပွားကာ စစ်ကောင်စီတပ်သား ၁၃၈၄ ဦးသေဆုံးခဲ့သည်။ သတင်းမီဒီယာများ ဖော်ပြချက်အရသိရသော စစ်ကောင်စီသေဆုံးသောအရေအတွက်သည် တော်လှန်ရေး အင်အားစုများဖက်မှ ဇူလိုင်လအတွင်း ကျဆုံးသော တော်လှန်ရေးတပ်သား ၃၅ ဦးနှင့် ယှဉ်လျှင် လွန်စွာများပြားသည်ကို တွေ့ရသည်။ ၁၀၂၇ စစ်ဆင်ရေးပထမလှိုင်းဖြစ်ခဲ့စဉ်က စစ်ကောင်စီဖက်မှ

အငိုက်မိသွားခဲ့၍ အကျအဆုံးများစွာဖြင့် စစ်သားပေါင်းများစွာ ဖမ်းဆီးခံရပြီး မြို့ပေါင်းများစွာ ဆုံးရှုံးခဲ့ရခြင်းဖြစ်သည်။ ပြင်ဆင်ချိန်ရပါက စစ်ကောင်စီဖက်မှအလေးသာမည်ဟု ထင်ကြေးပေးကြသူများရှိသည်။ သို့သော် စစ်ကောင်စီအတွက်ပြင်ဆင်ချိန်ရပြီး ၁၀၂၇ စစ်ဆင်ရေး ( အပိုင်း ၂ ) ဖြစ်ပွါးလာသည့် အခါတွင်လည်း စစ်ကောင်စီဖက်မှ အသေအပျောက်များပြားပြီး၊ အမြောက်အများဖမ်းဆီးခံရသဖြင့် စစ်ကောင်စီတပ်သည် ဘယ်အချိန်တိုက်တိုက် အလွယ်တကူရှုံးမည့် အရှုံးသမားတပ်ဖြစ်ကြောင်း ပိုခိုင်မာသွားစေသည်။ စစ်ကောင်စီတပ်သည် တိုက်ပွဲအတွေ့အကြုံများပြီး တိုက်ရည်ခိုက်ရည်ကောင်းသော MNDAA၊ TNLA စသည့်တော်လှန်ရေးတပ်များကိုသာရှုံးနိမ့်ခြင်းမဟုတ်ပဲ လွန်ခဲ့သော ၃ နှစ်မပြည့်ခင်ကာလမှ ရရာလက်နက်ဖြင့် ဖွဲ့စည်းခဲ့ပြီး တိုက်ပွဲအတွေ့အကြုံနည်းပါးသေးသည့် ပြည်သူ့ကာကွယ်ရေးတပ်မတော် PDF များကိုလည်း အလွယ်တကူအရှုံးပေး အညံ့ခံနေရသည်ကို တွေ့ရသည်။

ဇူလိုင်လအတွင်းတွင် NUG လက်အောက်ခံ မန္တလေး PDF များဦးဆောင်သော တော်လှန်ရေးတပ်ဖွဲ့များသည် စဉ့်ကူးနှင့် မတ္တရာမြို့နယ်အတွင်းရှိ စစ်ကောင်စီစခန်းများကိုတစ်ခုပြီး တစ်ခုသိမ်းပိုက်ခဲ့ပြီး ဇူလိုင်လ ၁၇ ရက်နေ့တွင် စဉ့်ကူးမြို့ကို သိမ်းပိုက်နိုင်ခဲ့သည်။ မတ္တရာမြို့နယ်ထဲတွင်လည်း စခန်းပေါင်း ၃၅ ခုကို သိမ်းပိုက်ခဲ့ပြီး မတ္တရာတစ်မြို့နယ်လုံးနီးပါးကို သိမ်းပိုက်နိုင်ခဲ့သည်။

ထို့အတူ TNLA ကလည်း ဇူလိုင်လအတွင်း ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲ၊ နောင်ချို၊ မိုးကုတ်၊ မိုးမိတ်တို့တွင် တောက်လျှောက်ထိုးစစ်ဆင်ပြီး ဇူလိုင်လ ၁၀ ရက်နေ့တွင် နောင်ချိုမြို့အမှတ် ဖ၀ဖ ဒုံးတပ်ရင်းကို သိမ်းပိုက်ခဲ့ပြီး နောင်ချိုတစ်မြို့နယ်လုံးကိုသိမ်းပိုက်သကဲ့သို့ မိုးကုတ်မြို့ကို ဇူလိုင်လ၂၄ ရက်နေ့တွင် သိမ်းပိုက်နိုင်ခဲ့သည်။ထို့အတူ မိုးမိတ်မြို့ကို ဇူလိုင်လ ၃၁ ရက်နေ့တွင် သိမ်းပိုက်ခဲ့သည်။ ထို့အတူ MNDAA ကလည်း ဇူလိုင်လ ၃ ရက်နေ့တွင် ၁၀၂၇ စစ်ဆင်ရေးတွင်ပါဝင်လာခဲ့ပြီး လားရှိုးမြို့ ပတ်ဝန်းကျင်ရှိ စစ်ကောင်စီ၏ တပ်ရင်းတစ်ခုပြီးတစ်ခု သိမ်းပိုက်လာကာ ဇူလိုင်လကုန်တွင် စစ်ကောင်စီ၏ တတိယအရေးအကြီးဆုံး စစ်ဌာနချုပ်ဖြစ်သည့် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်ကို သိမ်းပိုက်နိုင်ခဲ့သည်။

ရခိုင်တွင်လည်း အာရက္ခတပ်တော် AA သည် ဇူလိုင်လအတွင်းတွင် ငပလီကမ်းခြေ၊ သံတွဲလေဆိပ်၊ သံတွဲမြို့တို့ကို သိမ်းပိုက်ထိန်းချုပ်ခဲ့သလို၊ ဘင်္ဂလားဒေ့ရှ်နယ်စပ် မောင်တောမြို့နယ်ရှိ အမှတ် ၅ နယ်ခြားစောင့်တပ်ရင်း (နခခ ၅) မှလွဲ၍ နယ်ခြားစောင့်တပ်စခန်းများအားလုံးသိမ်းပိုက်ရရှိခဲ့ပြီး နခခ ၅ ကို ဆက်လက်ထိုးစစ်ဆင်လျှက်ရှိသည်။ ထို့အတူ ကရင်ပြည်နယ်နှင့် ထိုင်းနိုင်ငံနယ်စပ် မြဝတီမြို့ကို ပြန်လည်ထိန်းချုပ်ရန် ချီတက်လာသော စစ်ကောင်စီ၏ အောင်ဇေယျစစ်ကြောင်းသည် ပုံမှန် ၁ နာရီကြာ

ခရီးကို ၃ လကြာသည်အထိ KNLA နှင့် ပူးပေါင်းတပ်များ၏ တိုက်ခိုက်မှုအောက်တွင် ရှေ့မရောက်နိုင်ပဲ ပြန်လည်ဆုတ်ခွာသွားခဲ့ရသည်။

ထိုကဲ့သို စစ်ကောင်စီတပ်များ အရှုံးကြီးရှုံးနေသည့် အကြောင်းရင်းမှာ စစ်ကောင်စီတပ်သားများ၏ စိတ်ဓါတ်ပျက်ပြားနေခြင်းကြောင့် ဖြစ်သည်။ စစ်ကောင်စီတပ်သားများ စိတ်ဓါတ်ပျက်ပြားမှု၏ အခြေခံ အကြောင်းရင်းမှာ ပြည်သူများ၏ ရွံရှာမုန်းတီးမှုကိုခံရသောကြောင့် ဖြစ်သည်။ ပြည်သူများ၍ ရွံ့ရှာ မုန်းတီးမှုကိုခံရသဖြင့် ပြည်သူကို ရန်သူသဖွယ်ဆက်ဆံလာသည်။ ထိုကြောင့်ပြည်သူများ၏ ရွံရှာမုန်းတီး မှုကို ပိုခံလာရသည်။ ထိုအချက်သည်စစ်ကောင်စီတပ်သားများကို စိတ်ဖိစီးမှုများစေခဲ့သည်။ နေရာတိုင်း တွင် ရန်သူများဝိုင်းနေသည်ကို ခံစားနေရသည်။ မိမိကိုယ်မိမိ ယုံကြည်မှု လျော့ကျစေခဲ့သည်။

ထို့အပြင် စစ်တပ်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အာဏာရူးသောကြောင့် အသက်အသေခံ ရမှာလားဟူသည့် စစ်ကောင်စီတပ်သားများ၏ စိတ်ပိုင်းဆိုင်ရာရပ်တည်ချက်သည် လက်ရှိအလွယ်တကူ ရှုံးနိမ့်မှုများကို ဖြစ်ပေါ်နေစေခြင်းဖြစ်သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ မဲလိမ်မဲခိုးသောကြောင့် အာဏာသိမ်းရပါသည်ဟု စစ်ခေါင်းဆောင် မင်းအောင်လှိုင်မှ လိမ်လည်ပြောဆိုသည်ကို သူ၏ စစ်ဗိုလ်၊ စစ်သားများက မယုံကြချေ၊ အသက်အန္တရယ်ကြောင့် ပြန်မပြောကြသော်လည်း အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်အနေဖြင့် မဲလိမ်၊ မဲခိုးစရာမလိုပဲ ရွေးကောက်ပွဲ အလွယ်တကူအောင်နိုင်မည်ကို သူတို့ သိကြ သည်။ မင်းအောင်လှိုင် အာဏာရူး၊ သမ္မတရူးသောကြောင့် အာဏာသိမ်းသည်ကို သူတို့ သိကြသည်။ သူတို့သိသည့်အတိုင်းပင် မင်းအောင်လှိုင်မှ ဒီလောက်အခြေအနေဆိုးဝါးနေသည့်ကြားမှပင် သမ္မတရာထူး ယူဖြစ်အောင်ယူလိုက်သည့်အတွက် မင်းအောင်လှိုင်အတွက် အသေခံပေးရမှာလား မေးခွန်းထုတ်ကြခြင်း ဖြစ်သည်။ စစ်ကောင်စီခေါင်းဆောင်မင်းအောင်လှိုင်၏ သားနှင့် သမီးသည် မင်းအောင်လှိုင် အာဏာသိမ်း ပြီးနောက်ပိုင်း မြန်မာပြည်၏စီးပွားရေးကို ပုံစံမျိုးစုံနှင့် လက်ဝါးကြီး အုပ်စီးခဲ့ပြီး ထားစရာမရှိအောင် ချမ်းသာလာချိန်တွင် စစ်ကောင်စီတပ်သားများက မင်းအောင်လှိုင်မိသားစု အကျိုးစီးပွားအတွက် အသက် အသေခံနေရသည်ကို မကျေမနပ်ဖြစ်နေကြခြင်းဖြစ်သည်။ ထို့အပြင် လက်ရှိအချိန် စစ်ကောင်စီ၏ စစ်တပ်ထဲ ဗိုလ်မှူး၊ ဗိုလ်ချုပ်ဖြစ်နေသူများသည် စစ်တိုက်ချင်၍ စစ်ထဲသို့ ဝင်လာခြင်းမဟုတ်ပဲ ရာထူး အာဏာလိုချင်၍ စစ်ထဲဝင်လာကြသူများဖြစ်သောကြောင့် အမှန်တကယ် စစ်တိုက်ရသောအခါ ဆောက် တည်ရာမဲ့ ဖြစ်ကုန်ကြသည်။ စစ်ပွဲများမရှိသောအချိန်တွင် စစ်ထဲဝင်လာခဲ့ပြီး အဆင့်ဆင့်ပေးကမ်း လာဒ်ထိုးကာ ကြွယ်ဝချမ်းသာလာသော ဗိုလ်မှူး၊ ဗိုလ်ချုပ်များ၏ အိမ်မက်မှာ ရာထူး ကြီးကြီးရရေးနှင့် အပြိုင်အဆိုင်ချမ်းသာရေးဖြစ်ပြီး ယခုကဲ့သို့ စစ်ပွဲနှင့် နှဖူးတွေ့ဒူးတွေ့ ရင်ဆိုင်ရမည်ကို အိမ်မက်ပင်

မမက်ဖူးချေ။ ထို့ကြောင့် စိတ်ဓါတ်ပျက်ပြားနေသော အောက်ခြေစစ်သားကို စိတ်ဓါတ် ပျက်ပြားနေသော ဗိုလ်မှူး၊ ဗိုလ်ချုပ်များက ဦးစီးအုပ်ချုပ်သော အကြမ်းဖက်စစ်ကောင်စီ၏ တပ်ရင်း၊ တပ်မများ၊ စစ်ဌာနချုပ်များ အလွယ်တကူလက်နက်ချ အရှုံးပေးသည်မှာ မထူးဆန်းပေ။ တော်လှန်ရေး အင်အားစုများဖက်တွင် အာဏာရှင်စနစ်ကျဆုံးရမည်ဟု ဆုံးဖြတ်ချက်ဖြင့် တော်လှန်တိုက်ပွဲဝင်နေသည် ဖြစ်သည့်အတွက် စိတ်ဓါတ်ပိုင်းအလွန်မြင့်မားကြသည်။ တော်လှန်ရေးတပ်ဖွဲ့ဝင်များက မိမိယုံကြည်ချက်အတွက် မိမိအသက်ကို ပေးအပ်ရန် ဆုံးဖြတ်ပြီးသားဖြစ်သည်။ ထို့အပြင် တော်လှန်ရေးအင်အားစုများဖက်မှ စစ်ကောင်စီတပ်သားများကို စစ်သုံ့ပန်းအဖြစ်ဖမ်းမိလျှင် ကောင်းကောင်းမွန်မွန်ထားရှိသည်ကို စစ်ကောင်စီတပ်သားများက သိကြသည်။ ထိုအချက်သည်လည်း စစ်ကောင်စီတပ်ဖွဲ့များ အလွယ်တကူ လက်နက်ချအညံ့ခံကြသည့် အကြောင်းရင်းတစ်ခု ဖြစ်သည်။

စစ်ကောင်စီတပ်သားများ၏ အလွယ်တကူအရှုံးပေးအညံ့ခံနေခြင်း အကြောင်းရင်းကို အနှစ်ချုပ် ကြည့်လျှင်…..

၁။ ပြည်သူတစ်ရပ်လုံး၏ ဆန့်ကျင်ရှုံ့ချ မုန်းတီးမှုကိုခံရသဖြင့် ရန်သူပတ်လည်ဝိုင်းနေခြင်းနှင့် စိတ်ခွန် အားပျောက်ဆုံးခြင်း။

၂။ မင်းအောင်လှိုင် အာဏာသိမ်းသည့်အပေါ်တွင် အယုံအကြည်မရှိခြင်း၊

၃ ။မင်းအောင်လှိုင်၏ ခေါင်းဆောင်မှုအပေါ်တွင် အယုံအကြည်မရှိခြင်း၊

၃။ မင်းအောင်လှိုင်၏ မိသားစုအတွက် အသေမခံလိုခြင်း၊

၄။ အောက်ခြေတပ်သားများက အကျင့်ပျက်တပ်မှူးများအပေါ်တွင် အယုံအကြည်မရှိခြင်း၊

၅။ တပ်ဗိုလ်၊ တပ်မှူးများကလည်း အခွင့်အရေးလိုချင်၍ စစ်တပ်ထဲဝင်လာသူများ ဖြစ်ကြပြီး စစ်မတိုက်လိုကြခြင်း၊

၆။ ဆက်တိုက်ရှုံးနိမ့်နေသောကြောင့် စိတ်ဓါတ်ပျက်ပြားနေခြင်း၊

၇။ လက်နက်ချအညံ့ခံပါက ကောင်းမွန်စွာစောင့်ရှောက်မှုနှင့် ဘဝလုံခြုံမှုရှိခြင်း၊

၈။ စတင်ဖွဲ့စည်းစဉ်ကပင် PDF များ၏ ရပ်တည်ချက်နှင့် စိတ်ဓါတ်မြင့်မားနေခြင်း၊

၉။ ပြည်သူများ၏ ယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုကြောင့် ယုံကြည်မှုနှင့် စိတ်ဓါတ် ပိုမိုမြင့်မားနေခြင်း၊

၁၀။ တိုက်ပွဲတိုင်းအောင်နိုင်သောကြောင့် ယုံကြည်မှုနှင့် စိတ်ဓါတ်ပိုမိုမြင့်မားနေခြင်း စသည်တို့ ဖြစ်သည်ကိုတွေ့ရပါသည်။

## စံချိန်တင်ထိုးကျသော မြန်မာကျပ်ငွေနှင့် ကမောက်ကမဖြစ်သွားသော စီးပွားရေး

မင်းအောင်လှိုင်၏ စီမံခန့်ခွဲမှု လွန်စွာညံ့ဖျင်းမှုသည် မြန်မာနိုင်ငံစီးပွားရေးကို ဇူလိုင်လအတွင်း လွန်စွာဆိုးဝါးစေခဲ့ပြီး ဇွန်လကုန်က မြန်မာငွေ ၄၄၀၀ ကျပ်ရှိသော ဒေါ်လာဈေးသည် ဇူလိုင်လအကုန်တွင် ဒေါ်လာ ၅၂၀၀ ကျော်သွားပြီဖြစ်သည်။ ဒေါ်လာဈေးသည် မေလကုန်က ၄၂၅၀ ဖြစ်ပြီး ဇွန်လကုန်တွင် ၄၄၀၀ ဖြစ်သွားခဲ့သည်။ စီးပွါးရေးလုပ်ငန်းရှင်များကြောင့် ကုန်ဈေးနှုန်းများကြီးမြင့်သည်၊ ငွေကြေး ဖောင်းပွသည်ဟုစွတ်စွဲကာ စစ်ကောင်စီသည် ဇွန်လထဲတွင် ရွှေလုပ်ငန်းရှင်များ၊ ဆန်လုပ်ငန်းရှင်များ၊ ဘဏ်လုပ်ငန်းရှင်များကို ဖမ်းဆီးခြင်းအရေးယူခြင်းများ ပြုလုပ်ခဲ့သည်။ ထိုကြောင့် ဇူလိုင်လထဲတွင် ကုန်ဈေးနှုန်းများခုန်တက်ကြီးမြင့်ခဲ့ပြီး မြန်မာငွေဈေးလည်းတစ်လအတွင်း တဟုန်ထိုးကျဆင်းခဲ့သည်။ မြန်မာငွေတန်ဖိုးသည် မတ်လကုန်က တစ်ဒေါ်လာ ၃၇၈၀ ကျပ် ရှိပြီး၊ ဧပြီလကုန်တွင် ၃၉၀၀ ကျပ်ဖြစ်သွားခဲ့သည်။ မေလကုန်တွင် ၄၂၅၀ ဖြစ်သွားခဲ့ပြီး ဇွန်လကုန်တွင် ၄၄၀၀ ဖြစ်သွားခဲ့သည်။ စီးပွါးရေးလုပ်ငန်းရှင်များကြောင့် ငွေကြေးဖောင်းပွသည်ဟုဆိုကာ စီးပွားရေးလုပ်ငန်းရှင်များကို စစ်ကောင်စီဖမ်းဆီး၊ အရေးယူလိုက်သဖြင့်  ဇူလိုင်လထဲတွင် မြန်မာငွေဈေးသည် ပုံမှန်ကျဆင်းမှုထက် ၃ ဆခန့်ပိုမိုကျဆင်းခဲ့ပြီး ဇူလိုင်လကုန်တွင် အမေရိကန်တစ်ဒေါ်လာကို မြန်မာငွေ ၅၃၀၀ ကျပ်  ဖြစ်သွားခြင်းဖြစ်သည်။ အာဏာမသိမ်းခင်က အမေရိကန်တစ်ဒေါ်လာသည် မြန်မာငွေ ၁၃၅၀ ကျပ်ဝန်းကျင်ဖြစ်သည်။ ဇူလိုင်လအတွင်း မြန်မာပြည်တွင် စက်သုံးဆီများပြတ်လတ်နေပြီး ဆီဆိုင်များတွင် ကားတန်းရှည်ကြီးများ တစ်နေကုန် စောင့်ဆိုင်းနေကြရသည်။ လေယာဉ်ဆီလည်းပြတ်လတ်နေပြီး စင်ကာပူသို့သွားမည့် မြန်မာ Cargo Flight များကို ဖျက်သိမ်းခဲ့ရသည်ဟု သိရသည်။ ဩဂုတ်လ ပထမပတ်အကုန်တွင် ဒေါ်လာဈေးမှာ စံချိန်တင်မြင့်တက်ပြီး အမေရိကန်တစ်ဒေါ်လာလျှင် မြနိမာငွေ ၆၀၀၀ ကျပ်ဖြစ်သွားသည်။ ဇူလိုင်လထဲတွင် စတင်ထိုးကျသွားသော မြန်မာစီးပွားရေးသည် ဩဂုတ်လထဲတွင် အရှိန်ပြင်းပြင်း ဆက်လက် ထိုးကျနေပါသည်။ မြန်မာကျပ်ငွေတန်ဖိုးမှာ တဟုန်ထိုးဆက်လက်ထိုးကျပြီး မကြာခင် အမေရိကန်တစ်ဒေါ်လာကို မြန်မာငွေတစ်သောင်းကျပ်ဖြစ်သွားမည်ဟု တွက်ဆထားကြသည်။

## **ဇူလိုင်ကိုကျော်၍ - နိဂုံးသုံးသပ်ချက်**

ယခုအခြေအနေအတိုင်းဆိုလျှင် မြန်မာနိုင်ငံသည် ထိန်းမနိုင်သိမ်းမရအခြေအနေကို ကျော်လွန်ပြီး ပြိုဆင်းသွားတော့မည့်အခြေအနေ ဖြစ်ပါသည်။ အာဏာသိမ်းခေါင်းဆောင် မင်းအောင်လှိုင် မကြာခင် ပြုတ်ကျတော့မည့် သဘောဖြစ်သည်။ မင်းအောင်လှိုင်ပြုတ်ကျခြင်းသည် စစ်ကောင်စီအတွင်း လူလဲသွားရုံအဖြစ်မကပဲ နွေဦးတော်လှန်ရေး အဆုံးသတ် အဆုံးအဖြတ် အခြေအနေဖြစ်သွားမည့် အခြေအနေကောင်းများရှိနေပါသည်။ တော်လှန်ရေးအင်အားစုများအားလုံး စုစုစည်းစည်းနှင့် တစ်ချီတည်း အပြတ်ရှန်းလိုက်လျှင် စစ်ကောင်စီလုံးဝပြိုလဲသွားမည်မှာ သေချာလျက်ရှိသည်။

ကိုးကား - The Irrawaddy, RFA, Ayeyarwaddy Times, D Day News, DVB, BBC, PVTV, Mizzima,

Myanmar Pressphoto Agency, Khit Thit Media, Narinjara, Than Lwin Times,

Myanmar Now, Khonumthung Burmese

ဦးမျိုးရန်နောင်သိန်း
Burmese Democratic Futures Working Group (BDFWG)
University of Virginia
၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်